# ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## (၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၉။)

## ၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်

## (၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေတွင် ပါရှိသော "ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန" ဆိုသည့် စကားရပ်များကို "ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (ည) ၏ နောက်တွင် ပုဒ်မခွဲ (ည-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ည-၁) **လွှမ်းမိုးပိုင်ခွင့်** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားအဖွဲ့အစည်းတစ်ခုတွင် မဲပေးခွင့်၊ အဖွဲ့ဝင်ပိုင်ဆိုင်ခွင့် သို့မဟုတ် အစုစပ်ပိုင်ဆိုင်ခွင့်၏ ၅၀ ရာခိုင်နှုန်းထက် ပိုမိုသော ပမာဏကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်ထားသည့် ပိုင်ဆိုင်မှုအခြေအနေ သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးအား အောက်ပါအခြေအနေ တစ်ရပ်ရပ်ကို ဖြစ်စေ၊ အားလုံးကိုဖြစ်စေ ဆောင်ရွက်နိုင်ခွင့်ရစေ သည့် ပိုင်ဆိုင်မှုအခြေအနေကို ဆိုသည်-

(၁) အခြားအဖွဲ့အစည်းတစ်ခု၏ ဒါရိုက်တာအဖွဲ့ သို့မဟုတ် စီမံခန့်ခွဲမှု ကော်မတီ၏ ၅၀ ရာခိုင်နှုန်း အထက်ကို ခန့်ထားနိုင်ခြင်း၊

(၂) အခြားအဖွဲ့အစည်းတစ်ခု၏ နေ့စဉ်လုပ်ငန်းများကို ကွပ်ကဲသော အဆင့်မြင့်အမှုဆောင်အရာရှိများ အား ခန့်ထားခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်း၊ အဆင့်ချထားခြင်းနှင့် ထုတ်ပယ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခြင်း၊

(၃) အခြားအဖွဲ့အစည်းတစ်ခု၏ အရေးကြီးသော ရင်းနှီးမြှုပ်နှံမှု၊ အုပ်ချုပ်မှု သို့မဟုတ် စီမံခန့်ခွဲမှု ဆိုင်ရာ ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ခြင်း၊

(၄) အခြားအဖွဲ့အစည်းတစ်ခု၏ စီမံခန့်ခွဲမှု ဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် အဓိကကျသော နေရာမှ ပါဝင်ခြင်း၊

(၅) အခြားအဖွဲ့အစည်းတစ်ခု၏ နေ့စဉ်လုပ်ငန်း ဆောင်ရွက်မှုများကို စီမံခန့်ခွဲနိုင်ခြင်း၊

(၆) အခြားအဖွဲ့အစည်းတစ်ခုက ဖြည့်ဆည်းပေးသော ဝန်ဆောင်မှု၏ သဘောသဘာဝ သို့မဟုတ် ဝန်ဆောင်မှုပုံစံ၊ စည်းကမ်းသတ်မှတ်ချက်များ၊ နှုန်းထားများကို ဆုံးဖြတ်ရာတွင် သိသိသာသာ လွှမ်းမိုးမှု ပြုနိုင်ခြင်း။"

(ခ) ပုဒ်မခွဲ (ဋ) ၏ နောက်တွင် ပုဒ်မခွဲ (ဋ-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဋ-၁) **ယာယီလိုင်စင်** ဆိုသည်မှာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လိုင်စင် လျှောက်ထားသူ၏ လုပ်ငန်းလိုအပ်ချက်၊ နည်းပညာပိုင်းဆိုင်ရာ ဖြစ်နိုင်ခြေရှိမှုနှင့် အခြား လိုအပ်သည့်

Myanmar Law Information System (MLIS)

သတင်းအချက်အလက်များအတွက် အချိန်ပေးလွှလာရန် လိုအပ်မှုတို့အပေါ် မူတည်၍ ကောင်စီက ထုတ်ပေးသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း ယာယီ လိုင်စင်ကို ဆိုသည်။"

(ဂ) ပုဒ်မခွဲ (ဒ) ၏ နောက်တွင် ပုဒ်မခွဲ (ဓ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဓ) **အခြားအဖွဲ့အစည်း** ဆိုသည်မှာ ပုဂ္ဂလိက သတင်းစာလုပ်ငန်းနှင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်း နှစ်ခုအနက် တစ်ခုခုကို ပိုင်ဆိုင်ထားရှိပြီး ကျန်လုပ်ငန်းတစ်ခုကို လုပ်ကိုင် ဆောင်ရွက်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။"

၄။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယညွှန်ကြားရေးမှူးချုပ် အရင်းအမြစ်၊ လှိုင်းနှုန်းစဉ်ကြိုးကြပ်ရေးနှင့် စံချိန်စံညွှန်းဌာနကြီး၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဥက္ကဋ္ဌ ရုပ်မြင်သံကြားနှင့် အသံလွှင့်ကောင်စီ | အဖွဲ့ဝင် |
| (ဇ) | ကိုယ်စားလှယ်တစ်ဦး အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) | အဖွဲ့ဝင် |
| (ည) | ကိုယ်စားလှယ်တစ်ဦး မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်း | အဖွဲ့ဝင် |
| (ဋ) | ကိုယ်စားလှယ်တစ်ဦး ကွန်ပျူတာပညာရှင်များအသင်း | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |

Myanmar Law Information System (MLIS)

(ဍ) အမြဲတမ်းအတွင်းဝန် ပြန်ကြားရေးဝန်ကြီးဌာန အတွင်းရေးမှူး"

၅။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) လိုင်စင်နှင့် ယာယီလိုင်စင်များ ထုတ်ပေးခြင်း၊ သက်တမ်းတိုးခြင်းနှင့် ရုပ်သိမ်းခြင်း။"

၆။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၄။ ကောင်စီသည် ဤဥပဒေအရ ပေးအပ်ထားသော တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန် သတ်မှတ်ချက်နှင့်အညီ ရုံးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။"

၇။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၃၈၊ ပုဒ်မခွဲ (င) ၏ နောက်တွင် ပုဒ်မခွဲ (စ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(စ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်း ယာယီလိုင်စင်တစ်နှစ်။"

၈။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၄၅ ၏ နောက်တွင် ပုဒ်မ ၄၅-က နှင့် ပုဒ်မ ၄၅-ခ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၄၅-က။ ယာယီလိုင်စင်လျှောက်ထားလိုသူသည် သတ်မှတ်ချက်နှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင် သည်။

၄၅-ခ။ ကောင်စီသည် ပုဒ်မ ၄၅-က အရ လျှောက်ထားချက်ကို ရရှိသည့်အခါ သတ်မှတ်ချက်များ နှင့်အညီ စိစစ်၍ ယာယီလိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။"

၉။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၄၇ တွင် ပါရှိသော "စီးပွားရေးအရ ထုတ်လွှင့်သည့်" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၀။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၅၀ တွင် ပါရှိသော "လုပ်ငန်းတစ်ခုစီ ထက်ပို၍" ဆိုသည့် စကားရပ်၏ နောက်တွင် "တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၁။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၅၀ ၏နောက်တွင် ပုဒ်မ ၅၀-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၅၀-က။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အနေဖြင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းတစ်ခုအား တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပိုင်ဆိုင်မှုနှင့် စပ်လျဉ်း၍ ကောင်စီက အဆုံးအဖြတ် ပေးနိုင်သည်။"

၁၂။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၅၁ ကို အောက်ပါအတိုင်း အစားထိုးရ မည်-

"၅၁။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုဇုန်တစ်ခုတွင် ပုဂ္ဂလိက သတင်းစာလုပ်ငန်းကို ဖြစ်စေ၊ ပုဂ္ဂလိက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းကိုဖြစ်စေ ပူးတွဲပိုင်ဆိုင်ခြင်းနှင့် စပ်လျဉ်း၍ လုပ်ငန်းတစ်ခုတွင် လွှမ်းမိုးပိုင်ခွင့်ကို ရရှိထားပါက အခြားလုပ်ငန်းတစ်ခုကို ၃၀ ရာခိုင်နှုန်းထက်ပို၍ ပိုင်ဆိုင်ခွင့် မပြုရ။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

Myanmar Law Information System (MLIS)

(ပုံ) ဝင်းမြင့်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

Myanmar Law Information System (MLIS)